# အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်၏ ဘုရားသခင်

(Thursday—Second Morning Session)

Message Two

## အာဗြဟံနှင့် ဆက်ဆံဖြေရှင်းတော်မူခြင်း၌ တွေ့မြင်ရသည့် အာဗြဟံ၏ဘုရားသခင်

ဖတ်ရန်ကျမ်း။ ။ တ၊၇း၂၂။ က၊၁၂း၇-၈။ ၁၃း၁၄-၁၇။ ၁၄း၁၇-၂၀။ ၁၅း၁။ ၁၇း၁။ ၁၈း၁။ ၂၄း၁၄

**I. အာဗြဟံ၏ဘုရားသခင် (ထွ၊၃း၁၅) ကို အောက်ပါအတိုင်း အာဗြဟံနှင့် ဆက်ဆံဖြေရှင်းတော်မူခြင်း၌ တွေ့မြင်ရသည်။**

A. အာဗြဟံ၏ဘုရားသခင်သည် ဘုန်းတော်၏ဘုရားသခင်ဖြစ်ပြီး၊ ကိုယ်တော်၏ ပထမဆုံးခေါ်ခြင်းနှင့် အာဗြဟံထံသို့ ကိုယ်တော်၏ပထမဆုံးစကားပြောခြင်းတွင် ပေါ်ထွန်းခြင်း၌ အာဗြဟံထံသို့ ကြီးစွာသောသံလိုက်နှင့် ကြီးစွာသော လှုံ့ဆော်မှုဖြစ်လျက်၊ စာတန်ဆိုင်ရာ ရုပ်တုကိုးကွယ်ရာ နိုင်ငံထဲက ထွက်လာရန် သူ့အား လှုံ့ဆော်တွန်းအားပေးခဲ့သည် - က၊၁၁း၃၁။ တ၊၇း၂-၄က။

1. အာဗြဟံထံ ကိုယ်တော်၏ ထပ်ခါထပ်ခါ ပေါ်ထွန်းခြင်းမှတစ်ဆင့် ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို သူ့အထဲသို့ ဖြည့်သွင်းပေး၍၊ သူ့အား ဝိညာဉ်ရေးရာ ဖြည့်သွင်းခြင်းကို တွေ့ကြုံခံစားစေသည် - က၊၁၂း၁-၃၊၇-၈။ ၁၃း၁၄-၁၇။ ရော၊၄း၃။ က၊၁၈း၁၇-၁၉။ ဧဇွန်း၊ တ၊၂၆း၁၆။ ၂း၁၄-၁၅။
2. အာဗြဟံသည် ခါနာန်ပြည်သို့ ရောက်ရှိလာနိုင်ခြင်းမှာ ဘုရားသခင်သည် ဇွဲလုံ့လရှိသောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် ကိုယ်တော်၏လူများကို စွဲမြဲကိုင်စွဲထားသည်။ ကိုယ်တော်သည် လက်လွှတ်ခြင်းမပြုသော ဘုရားသခင်ဖြစ်သည် - ယော၊၁၀း၂၈-၃၀။ ယု၊၂၄။
3. ဘုရားသခင်သည် သူတို့၏ယုံကြည်ခြင်းဖြစ်ရန် သူတို့၏ ယုံကြည်လက်ခံခြင်း ဒြပ်သဘာဝအဖြစ် မိမိကိုယ်တော်တိုင်ဖြင့် ဖြည့်သွင်းခံရသူများဖြစ်သည့် ကိုယ်တော်၏ယုံကြည်သော လူများ၏ ဖြောင့်မတ်ခြင်းရှိစေသူအဖြစ် အာဗြဟံထံ ဖွင့်ပြတော်မူပြီး၊ ယင်းမှာ ကိုယ်တော်၏ဆွဲဆောင်မှုထံ ဘုရားဆိုင်ရာတုံ့ပြန်ခြင်းအဖြစ် ကိုယ်တော်ကို သူတို့အလေးထားခြင်းပင် ဖြစ်သည် - က၊၁၅း၁-၆။ ဟေဗြ၊၁၂း၁-၂က။ ဂလ၊၃း၂၀။

B. အာဗြဟံ၏ဘုရားသခင်သည် ကောင်းချီးမင်္ဂလာ၏ဘုရားသခင် ဖြစ်ပြီး၊ အာဗြဟံထံ ကိုယ်တော်၏ဒုတိယအကြိမ် စကားပြောခြင်းနှင့်အတူ ဒုတိယအကြိမ် ခေါ်တော်မူခြင်း၌ သူ့အား ကြီးမားသောတိုင်းနိုင်ငံဖြစ်စေမည်၊ သူ၏နာမကို ကြီးမြတ်စေမည်၊ အခြားသူများအဖို့ သူ့ကို ကောင်းချီးမင်္ဂလာဖြစ်စေမည်၊ မြေကြီးပေါ်ရှိ မိသားစုများအားလုံးသည် သူ၌ ကောင်းချီးမင်္ဂလာခံရကြလိမ့်မည် ဖြစ်ကြောင်း ကတိတော်ပေးခဲ့သည်။ ဤအရာသည် အာဗြဟံအား ဘုရားဆိုင်ရာ ကတိတော်၏ကောင်းသောမြေအထဲသို့ သွားရောက်ရန် ဆွဲဆောင်ခဲ့သည် - က၊၁၂း၁-၄။

1. ဂလာတိ ၃း၁၄ အရ ဤနေရာရှိ ကတိပေးထားသော ကောင်းချီးမင်္ဂလာသည် အမှန်စင်စစ် ဝိညာဉ်တော်အဖြစ် ဘုရားသခင်ကိုယ်တော်ဖြစ်သည်။ အကြီးမြတ်ဆုံးသော ကောင်းချီးမင်္ဂလာသည် သုံးပါးတစ်ပါးဘုရား - ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော် - သည် အဆင့်ဆင့်ဖြတ်ကျော်ကာ၊ အရာအားလုံးပါဝင်သော၊ အသက်ပေးသော ဝိညာဉ်တော်အဖြစ် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် အတွင်းအကျဆုံးနည်းလမ်း၌ ကျွန်ုပ်တို့တွင် ကိန်းဝပ်နေခြင်းပင်ဖြစ်သည် - ဖိ၊၁း၈။ ဖိ၊၁း၁၉။
2. ဘုရားသခင်၏လူများကို ကျိန်ဆဲသောသူမှန်သမျှသည် ကျိန်ခြင်းခံရကြပြီး၊ ဘုရားသခင်၏လူများကို ကောင်းချီးပေးသောသူ မှန်သမျှသည် ကောင်းချီးမင်္ဂလာကို ရရှိကြသည် - စာရင်း၊၂၃း၂၁။ ၂၄း၅၊ ၉။ ဧဇွန်း၊ ၁ကော၊၁း၂။ ၂ကော၊၅း၁၇။

C. အာဗြဟံ၏ဘုရားသခင်သည် မြေကြီး၏အရှင် ဘုရားသခင်ဖြစ်ပြီး၊ ကိုယ်တော်၏တတိယအကြိမ် စကားပြောခြင်းနှင့်အတူ ဒုတိယအကြိမ် ပေါ်ထွန်းခြင်း၌ အာဗြဟံအား ကတိတော်ပေးရာတွင် ခါနာန်မြေအား သူ၏မျိုးစေ့ကို ပေးမည်ဖြစ်ကြောင်း ကတိပေးခဲ့သည် - က၊၁၂း၆-၇။

D. အာဗြဟံ၏ဘုရားသခင်သည် ကိုယ်တော်၏ရွေးချယ်ခံအတွက် လျှို့ဝှက်စွာ ဂရုစိုက်ပေးသော ဘုရားသခင်ဖြစ်ပြီး၊ အာဗြဟံအား သူ၏ဇနီးကို ဖာရောဂ ပြစ်မှားစော်ကားခြင်းမှ ကယ်တင်တော်မူခဲ့သည် - အင်္ဂ၊၁၀-၂၀။

E. အာဗြဟံ၏ဘုရားသခင်သည် နှစ်သိမ့်ပေးသော၊ ခွန်အားပေးသော ဘုရားသခင်ဖြစ်ပြီး၊ လောတသည် အာဗြဟံအား စွန့်ခွာပြီးနောက်၊ ကိုယ်တော်၏ စတုတ္ထအကြိမ် စကားပြောခြင်း၌ အာဗြဟံနှင့် သူ၏မျိုးစေ့အား ခါနာန်မြေကို အရပ်လေးမျက်နှာ၌ သူမြင်နိုင်သမျှအတိုင်း ပေးမည်ဖြစ်ကြောင်း၊ သူ၏မျိုးစေ့ကို မြေကြီး၏မြေမှုန့်ကဲ့သို့ များပြားစေမည်ဖြစ်ကြောင်း ကတိပေးပေးတော်မူခဲ့သည် - ၁၃း၁၄-၁၇။

1. အာဗြဟံ၏မျိုးစေ့အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့အထဲသို့ ဆောင်ယူခံရမည်ဖြစ်သည်၊ သို့မှသာ ကိုယ်တော်သည် သူ၏တိုးပွားခြင်းအတွက် ကျွန်ုပ်တို့မှတစ်ဆင့် မွေးဖွားထွက်ပေါ်လာမည်ဖြစ်သည် - ဂလ၊၃း၁၆။ ၁း၁၅-၁၆။ ၂း၂၀။ ၄း၁၉။
2. ခါနာန်မြေသည် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့၏ ဝိညာဉ်ရှိ အရာအားလုံးပါဝင်သော ဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်သော ခရစ်တော်ကို ရည်ညွှန်းသည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏စုပေါင်းထင်ရှားခြင်းအတွက် ကိုယ်တော်နှင့်အတူ စေ့စပ်ထုံးဖွဲ့ခံရနိုင်မည်ဖြစ်သည် - ကော၊၁း၁၂။ ၂း၆-၇။ ဂလ၊၃း၁၄။ ၅း၁၆၊ ၂၅။

F. အာဗြဟံ၏ဘုရားသခင်သည် အမြင့်ဆုံးသောအရှင်၊ ကောင်းကင်နှင့် မြေကြီးကို ပိုင်ဆိုင်သောအရှင်ဖြစ်တော်မူပြီး၊ အာဗြဟံသည် ရှင်ဘုရင်လေးပါးကို ဆန့်ကျင်စစ်တိုက်ပြီးနောက် ကိုယ်တော်၏ ယဇ်ပုရောဟိတ် မေလခိဇေဒက်မှတစ်ဆင့် အာဗြဟံကို ကောင်းချီးမင်္ဂလာဖြင့် ဘုရားဆိုင်ရာ မစခြင်းပေးတော်မူသည် - က၊၁၄း၁၇-၂၀။

G. အာဗြဟံ၏ဘုရားသခင်သည် ဒိုင်းလွှားနှင့် ကြီးစွာသော ဆုလာဘ်၏ ဘုရားသခင်ဖြစ်ပြီး၊ အာဗြဟံထံသို့ ကိုယ်တော်၏ပဥ္စမအကြိမ် စကားပြောခြင်း (ဤတစ်ကြိမ်တွင် ရူပါရုံ၌) တွင် သူသည် ရှင်ဘုရင်လေးပါး၏ လက်စားချေမည်ကို စိုးရိမ်နေလျက်ရှိစဉ်၊ ကိုယ်တော်သည် အာဗြဟံကို သူ၏ကောင်းကင်ဆိုင်ရာ မျိုးစေ့အား သူတို့၏ဘုရားဆိုင်ရာ သဘောသဘာဝ၌ မြေကြီးပေါ်မှ မည်သူကမျှ မထိတွေ့နိုင်အောင် ကောင်းကင်ရှိ ကြယ်များကဲ့သို့ များပြားစေမည်ဖြစ်ကြောင်း ပြောခဲ့သည်။ အာဗြဟံသည် ယေဟောဝါ၌ ယုံကြည်ခဲ့ပြီး၊ ယေဟောဝါက သူ့အဖို့ ၎င်းကို ဖြောင့်မတ်ခြင်းအဖြစ် မှတ်ယူတော်မူခဲ့သည် - ၁၅း၁-၆။

H. အာဗြဟံ၏ဘုရားသခင်သည် သစ္စာရှိခြင်း၏ ဘုရားသခင်ဖြစ်ပြီး၊ အာဗြဟံထံသို့ ကြုံတင်ဟောပြောခြင်း၌၊ သူ၏ ကြီးစွာသောအိပ်ခြင်းတွင် သူ့ထံသို့ ကိုယ်တော်၏ဆဋ္ဌမအကြိမ် စကားပြောခြင်း၌၊ သူ၏မြေကြီးဆိုင်ရာမျိုးစေ့သည် သူတို့၏ လူသားသဘောသဘာဝ၌ အီဂျစ်ပြည်တွင် ဧည့်သည်ဖြစ်ကြရမည်ဖြစ်ကာ၊ အီဂျစ်လူများကို အစေခံကြရ၍၊ နှစ်ပေါင်းလေးရာလုံးလုံး သူတို့အားဖြင့် ညှဉ်းပန်းနှိပ်စက်ခံရကြမည်ဖြစ်ကြောင်း၊ ထို့နောက် သူတို့၏ စတုတ္ထမျိုးဆက်၌ ခါနာန်ပြည်သို့ ပြန်လာရမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ကိုယ်တော်သည် သစ္စာရှိသော ဘုရားသခင်ဖြစ်ပြီး၊ သူနှင့်အတူ ပဋိညာဉ်ပြုခြင်း၌ သူ့အား အီဂျစ်ပြည်၏မြစ်မှ မြစ်ကြီးတည်းဟူသော ဥဖရတ်မြစ်အထိ မြေကို သူ၏မျိုးစေ့အား ပေးမည်ဟု ကတိပေးခဲ့သည် - အင်္ဂ၊၁၂-၂၁။

I. အာဗြဟံ၏ဘုရားသခင်သည် တိတ်ဆိတ်တော်မူသော ဘုရားသခင်ဖြစ်ပြီး၊ ယင်းမှာ အာဗြဟံက မိမိဇနီး စာရာစကားကို နားထောင်၍ ဟာဂရကို လက်ထပ်ကာ၊ သူအသက်ရှစ်ဆယ့်ခြောက်နှစ် အရွယ်တွင် မိမိအသွေးအသားကို လေ့ကျင့်ခြင်းအားဖြင့် သားကို ရယူခဲ့ခြင်းကြောင့် ဖြစ်သည် (၁၆း၁-၄၊ ၁၅-၁၆)။ ထိုနောက် ဘုရားသခင်သည် အာဗြဟံထံ သူအသက် ကိုးဆယ့်ကိုးနှစ်အရွယ် မတိုင်ခင်အထိ တစ်ဆယ့်သုံးနှစ်လုံးလုံး တိတ်ဆိတ်နေတော်မူခဲ့ပြီး၊ ထိုနောက် သူ့ထံသို့ တစ်ဖန် ပြန်ပေါ်ထွန်းလာခဲ့သည် (၁၇း၁)။

J. အာဗြဟံ၏ဘုရားသခင်သည် အရာအားလုံးလုံလောက်ပြည့်စုံသော ဘုရားသခင် ဖြစ်ပြီး၊ အာဗြဟံထံ သတ္တမအကြိမ် စကားပြောခြင်းဖြင့် ကိုယ်တော်၏ တတိယပေါ်ထွန်းလာခြင်း၌၊ အရေဖျားလှီးခြင်း၏ဘုရားသခင် ဖြစ်တော်မူလျက်၊ ကိုယ်တော်၏ရွေးချယ်ခံလူများ၏ အသွေးအသားရှိ ဇာတိလူကို ဖြတ်တောက်ကာ၊ ထိုသို့ဖြင့် သူတို့သည် ဘုရားသခင်၏ အသစ်သော ဖန်ဆင်းခြင်း ဖြစ်လာနိုင်မည်ဖြစ်သည်၊ ယင်းကို အာဗြဟံ၏အသွေးအသားအားဖြင့် မွေးသော ဣရှမေလအားဖြင့်မဟုတ်ဘဲ၊ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် မွေးသော ဣဇာက်အားဖြင့် ပုံဆောင်ထားသည် - အင်္ဂ၊၁-၂၁။ ဂလ၊၄း၂၂-၃၁။

1. ဘုရားသခင်သည် အရာအားလုံးလုံလောက်ပြည့်စုံသော ဘုရားသခင် (ဟေဗြဲ၊ အယ်လ်ရှာဒိုင်း) အဖြစ် ဖွင့်ပြတော်မူပြီး၊ ယင်းမှာ ကိုယ်တော်၏ ယုံကြည်သောသူများသည် ကိုယ်တော်၏မျက်မှောက်တော်၌ လျှောက်လှမ်း၍၊ ကိုယ်တော်နှင့် ကိုယ်တော်၏ အရာအားလုံးလုံလောက်ပြည့်စုံသော မစမှုကို စဉ်ဆက်မပြတ် မွေ့လျော်ဝမ်းမြောက်ကြကာ၊ ဘုရားသခင်ကို သူတို့ထံ သူတို့၏ စုံလင်ခြင်း ဒြပ်သဘာဝနှင့် အကြောင်းရင်းအဖြစ် ထပ်ပေါင်းထည့်ပေးခြင်းအတွက် ဖြစ်သည် - က၊၁၇း၁။
2. ဘုရားဆိုင်ရာဂုဏ်ပုဒ် *အယ်လ်ရှာဒိုင်း* သည် ဟေဗြဲစကားလုံးနှစ်လုံးဖြင့် ပေါင်းဖွဲ့ထားသည် - *အယ်လ်* သည် "တန်ခိုးကြီးမားသောအရှင်"ဟု ဆိုလိုပြီး၊ *ရှာဒိုင်း* သည် "ရင်အုံ" သို့မဟုတ် "နို့အုံ"ဟု ဆိုလိုသော ဟေဗြဲစကားမှ လာသည်။
3. ထို့ကြောင့် ဘုရားသခင်သည် နို့အုံနှင့်အတူရှိသော တန်ခိုးကြီးသောအရှင်၊ ကျွေးမွေးမစသူ၊ ခွန်အားသန်စွမ်းခြင်းပေးသူနှင့် ကိုယ်တော်ကို စဉ်ဆက်မပြတ် လက်ခံရရှိသော ကိုယ်တော်၏ခေါ် ခြင်းခံရသူများ၏ ပေါများကြွယ်ဝသော မစမှုပေးသူအဖြစ် အရာအားလုံးလုံလောက်ပြည့်စုံသော တန်ခိုးကြီးသောအရှင်ဖြစ်သည် - ဖိ၊၁း၁၉-၂၁က။ ဂလ၊၃း၂။ ၅။ ယော၊ ၁း၁၆။
4. အရာအားလုံးလုံလောက်ပြည့်စုံသော ဘုရားသခင်သည် အသွေးအသား၌ ကျွန်ုပ်တို့၏ဇာတိလူကို အဆုံးသတ်ခြင်းအတွက် ကားတိုင်မှာအသေခံသော ဘုရားသခင်ဖြစ်ပြီး၊ ဖန်ဆင်းခြင်းအသစ်အတွက် ကျွန်ုပ်တို့၏လူသစ်ကို မွေးဖွားပေးခြင်းအလို့ငှာ ရှင်ပြန်ထမြောက်ခြင်း၏ ဘုရားသခင်ဖြစ်သည် - က၊၁၇း၁-၂၁။ ၂း၁-၁၀။ ကော၊၂း၁၁။ ဂလ၊၅း၂၄။ ၁ပေ၊၁း၃။ ၂ကော၊၅း၁၇။ ဖိ၊၃း၃။

K. အာဗြဟံ၏ ဘုရားသခင်သည် ကိုယ်တော်၏ လူသားမိတ်ဆွေဖွဲ့ခြင်း၌ရှိသော ဘုရားသခင်ဖြစ်ပြီး၊ လူတစ်ဦးအဖြစ်၊ လူ၏ပုံစံ၌ ကြွလာခြင်း (အာဗြဟံထံသို့ အဋ္ဌမအကြိမ် စကားပြောခြင်းနှင့်အတူ ကိုယ်တော်၏ စတုတ္ထအကြိမ် ပေါ်ထွန်းခြင်း) ၌ အာဗြဟံအား ကိုယ်တော်၏မိတ်ဆွေအဖြစ် (၂ရာ၊၂၀း၇။ ဟေရာ၊၄၁း၈။ ယာ၊၂း၂၃) လူသားဇာတိအဆင့်တွင် လာရောက်လည်ပတ်ခဲ့ကာ၊ ကိုယ်တော်နှင့်အတူ အာဗြဟံသည် အတူလမ်းလျှောက်၍၊ ကိုယ်တော့်မိတ်ဆွေ၏ တူ လောတနှင့် သူ၏မိသားစုအသက်ရှင်နေထိုင်ရာ သောဒုံမြို့ကို ကိုယ်တော်တရားစီရင်ခြင်းနှင့် စပ်လျဉ်းပြီး လူသားမိတ်ဆွေကို လူသားမိတ်ဆွေက စကားပြောသဲ့သို့ အာဗြဟံနှင့်အတူ စကားပြောခဲ့သည် - က၊၁၈ - ၁၉။

L. အာဗြဟံ၏ ဘုရားသခင်သည် လူသားဇာတိ၌ မိတ်ဆွေဖွဲ့ခြင်းရှိသော ဘုရားသခင်ဖြစ်ပြီး၊ အာဗြဟံ၏ တူနှင့် သူ၏သမီးနှစ်ယောက်ကို သောဒုံမြို့ဖျက်ဆီးခံရခြင်းထဲက ကယ်ထုတ်တော်မူ၍၊ ယင်းမှာ အာဗြဟံအား ကိုယ်တော်၏ ရင်းနှီးကျွမ်းဝင်သော မိတ်ဆွေအဖြစ် အောက်မေ့တော်မူခြင်းကြောင့် ဖြစ်သည် - အငယ်၊၂၉၊ ၁၂-၂၂။

M. အာဗြဟံ၏ဘုရားသခင်သည် ကိုယ်တော်၏ ရင်းနှီးကျွမ်းဝင်စွာ ဂရုစိုက်ခြင်း၌ တန်ခိုးကြီးသောဘုရားသခင်ဖြစ်ပြီး၊ ကိုယ်တော်၏ ရင်းနှီးကျွမ်းဝင်သောမိတ်ဆွေ အာဗြဟံကို ကိုယ်တော်၏ အနန္တတန်ခိုးတော်ဖြင့် ကယ်တင်ခြင်း၌ သူ၏ဇနီးအား ဂေရာရှင်ဘုရင် အဘိမလက်ထံ ဆုံးရှုံးရခြင်းမှ ကယ်တင်တော်မူခဲ့သည် - အခန်း၊၂၀။

N. အာဗြဟံ၏ဘုရားသခင်သည် ကျေးဇူးတော်၏မူအလေ့အလာကို စောင့်ထိန်းခြင်း၌ ပြောင်းလဲခြင်းမရှိသော ဘုရားသခင်ဖြစ်တော်မူပြီး၊ အာဗြဟံထံ နဝမအကြိမ် စကားပြောခြင်း၌ စာရာမှဖွားသော သူ၏သားဖြစ်သည့် ဣဇာက်ကိုသာ သူ၏ တစ်ဦးတည်းသောသားအဖြစ် မှတ်ယူတော်မူခဲ့သည် - ၂၁း၁-၁၂။

O. အာဗြဟံ၏ဘုရားသခင်သည် စုံစမ်းစစ်ဆေးတော်မူသော ဘုရားသခင်ဖြစ်ပြီး၊ အာဗြဟံထံ ကိုယ်တော်၏ ဒသမအကြိမ် စကားပြောခြင်း၌ သူချစ်သော သူ၏တစ်ဦးတည်းသောသားကို ကိုယ်တော်ထံ မီးရှို့ရာပူဇော်သက္ကာအတွက် ပေးအပ်ရန် တောင်းဆိုခြင်းအားဖြင့် ကိုယ်တော်၏ ရင်းနှီးကျွမ်းဝင်သော လူသားမိတ်ဆွေဖြစ်သည့် အာဗြဟံအား စစ်ဆေးတော်မူခဲ့သည် - ၂၂း၁-၁၀။

P. အာဗြဟံ၏ဘုရားသခင်သည် မစတော်မူသော သုံးပါးတစ်ပါးဘုရား (ဟေဗြဲ - ယေဟောဝါ-ယိရေ) ဖြစ်ပြီး၊ အာဗြဟံထံသို့ တစ်ဆယ့်တစ်ကြိမ် စကားပြောခြင်း၌ ကိုယ်တော် (ယေဟောဝါ၏ကောင်းကင်တမန်တော် - ခရစ်တော်) ထံ မီးရှို့ရာပူဇော်သက္ကာအဖို့ ဣဇာက်ကို အစားထိုးရန် သိုးထီးကို မစပေးတော်မူသည် - အငယ်၊၁၁-၁၄။

Q. အာဗြဟံ၏ဘုရားသခင်သည် ကောင်းချီးမင်္ဂလာပေးသော သုံးပါးတစ်ပါးဘုရားဖြစ်ပြီး၊ အာဗြဟံထံ တစ်ဆယ့်နှစ်ကြိမ် (နောက်ဆုံး) စကားပြောခြင်း၌၊ ကိုယ်တော် (ယေဟောဝါ၏ကောင်းကင်တမန်တော် - ခရစ်တော်) က သူ့အား ကောင်းချီးပေးကာ၊ သူ၏မျိုးစေ့ကို ကောင်းကင်များ၏ ကြယ်များကဲ့သို့လည်းကောင်း၊ ပင်လယ်ကမ်းစပ်ပေါ်မှ သဲကဲ့သို့လည်းကောင်း ပွားများစေ၍၊ သူ၏မျိုးစေ့ (ခရစ်တော်) ၌ မြေကြီးပေါ် ရှိ လူမျိုးအားလုံးသည် ကောင်းချီးမင်္ဂလာခံရကြမည်ဖြစ်ကြောင်း ကတိတော်ပေးခဲ့သည် - အဇယ်၊၁၅-၁၈။

R. အာဗြဟံ၏ဘုရားသခင်သည် လူသားအဆင့်၌ရှိသော မိတ်ဆွေဖွဲ့ခြင်းရှိသည့် ဘုရားသခင်ဖြစ်ပြီး၊ ကိုယ်တော်၏မိတ်ဆွေ အာဗြဟံ၏ အစေခံအိုကြီးအား ဦးဆောင်ကာ၊ သူ့သား ဣဇာက်အတွက် ဇနီးကို ရယူနိုင်စေခဲ့သည် - အခန်း၊၂၄။

**II. တစ်ခုလုံးအနေဖြင့် အာဗြဟံ၏ဘုရားသခင်သည် စကားပြောသော ဘုရားသခင်ဖြစ်၍၊ ကိုယ်တော်၏ ပေါ်ထွန်းခြင်း၊ ခေါ်တော်မူခြင်းနှင့်အတူ ရှုပါရုံ၌၊ လူသားမိတ်ဆွေဖွဲ့ခြင်း၌ မြေကြီးပေါ်မှ ကိုယ်တော်၏ ရင်းနှီးကျွမ်းဝင်သောမိတ်ဆွေအား သူ့အဖို့ ကိုယ်တော်တောင့်တသောအရာ၊ ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်းအတွက် ထာဝရဧဗံမိကိန်း ပြီးမြောက်ပြည့်စုံစေခြင်းငှာ ကိုယ်တော်၏ စိတ်နှလုံးတော်အလိုဆန္ဒအတိုင်း သူ့အား လုပ်ဆောင်စေလိုသောအရာတို့ကို ပြောပြတော်မူခဲ့သည်။**

*© 2026 Living Stream Ministry*